# မြန်မာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲ - ဦးထင်ကျော် (မတ်လမှစ၍ ဦးသိန်းစိန်နေရာကို ယူခဲ့သည်။)

အရပ်သားအများစု ပါဝင်သော အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းခဲ့သော်လည်း လူ့အခွင့်အရေး အခြေအနေများ ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာခဲ့ခြင်း မရှိပေ။ ဖိနှိပ်ခံနေရသော လူနည်းစု ရိုဟင်ဂျာများမှာ ပို၍အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဘာသာရေးအရ သည်းခံစိတ်မရှိမှုနှင့် မွတ်စလင်များအပေါ် ဆန့်ကျင်မုန်းတီးမှုများ ပို၍တိုးလာခဲ့သည်။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား တိုက်ပွဲများလည်း တိုးမြင့်ဖြစ်ပေါ်ခဲ့သည်။ ရပ်ရွာကို စွန့်ခွာထွက်ပြေးနေရသော လူများထံသို့ ကုလသမဂ္ဂနှင့် အခြားအဖွဲ့များ သွားရောက်ခွင့်ကိုလည်း အစိုးရက ပို၍ကန့်သတ်ခဲ့သည်။ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော သူများ အများအပြား ပြန်လွတ်လာသော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များအပေါ် ကန့်သတ်မှုများ ဆက်ရှိနေခဲ့သည်။ ယခင်နှင့် ယခုလောလောဆယ် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အရေးယူ အပြစ်ပေးမှုများလည်း မရှိသေးပေ။

## နောက်ခံအကြောင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အပြတ်အသတ်အနိုင်ရခဲ့ပြီးနောက် ၂၀၁၆ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပါလီမန်ကို ပထမဆုံး စတင်ကျင်းပခဲ့သည်။ မတ်လတွင် ဦးထင်ကျော်ကို သမ္မတအဖြစ် ရွေးချယ်ခဲ့ပြီး ယင်းလတွင်ပင် တရားဝင်အာဏာလွှဲပြောင်းရေး စတင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား သမ္မတဖြစ်လာရေး အခြေခံဥပဒေအတားအဆီး ရှိနေသော်လည်း ဧပြီလတွင် သူ့အတွက် သက်သက်ဖန်တီးခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရာထူးရယူခဲ့ပြီး အရပ်သားအစိုးရအဖွဲ့၏ ခေါင်းဆောင် ဖြစ်လာသည်။ ယင်းအပြောင်းအလဲ ဖြစ်လာသော်လည်း စစ်တပ်က အခြေခံဥပဒေအပြောင်းအလဲများကို ဗီတိုအာဏာဖြင့်ပိတ်ဆို့ဟန့်တားနိုင်စွမ်းရှိသည့် ပါလီမန်အတွင်း နေရာ ၂၅ ရာခိုင်နှုန်းကို ရယူထားပြီး အဓိက ဝန်ကြီးဌာနများကို ထိန်းချုပ်ထားခွင့်များနှင့် နိုင်ငံရေးအာဏာ ကြီးကြီးမားမား ဆက်ရယူထားခဲ့သည်။ စစ်တပ်သည် အရပ်ဖက်ထိန်းချုပ်မှုအောက်မှ ကင်းလွတ်နေဆဲ ဖြစ်သည်။

## ခွဲခြားဆက်ဆံမှုများ

## ရိုဟင်ဂျာ လူနည်းစု

ရိုဟင်ဂျာ စစ်သွေးကြွများဟုယူဆရသူများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများကို အောက်တိုဘာလ အတွင်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့အပြီးတွင် ရိုဟင်ဂျာများ၏ အခြေအနေများ ပိုဆိုးဝါးလာခဲ့သည်။ ယင်းတိုက်ခိုက်မှုတွင် ရဲတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေရှင်းလင်းရေး စစ်ဆင်မှုများပြုလုပ်ခဲ့ပြီး ယင်းဒေသကို ပိတ်ဆို့ထားခဲ့သဖြင့် လူသားချင်းစာနာသည့် အကူအညီပေးရေးအဖွဲ့များ၊ မီဒီယာများနှင့် လွတ်လပ်သော လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများ သွားရောက်ခွင့်မရပဲ ရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက ဥပဒေနှင့် မညီသော သတ်ဖြတ်မှု၊ အရပ်သားများအပေါ် လက်လွတ်စပယ် ပစ်ခတ်မှု၊ အဓမ္မကျင့်မှုနှင့် စိတ်ထင်သလိုဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည်။[၁] နေအိမ်များ ဖျက်ဆီးခံရသော လူပေါင်း သောင်းချီ၍ နေရပ်မှ စွန့်ခွာထွက်ပြေးခဲ့ကြပြီး အနည်းဆုံး ၂၇၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ လုံခြုံရေးတပ်များ၏ တုံ့ပြန်မှုမှာ ရခိုင်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအားလုံးကို သိမ်းကြုံး အပြစ်ပေးသလို ဖြစ်ခဲ့ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုမြောက်နိုင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များက

လူ့အခွင့်အရေးချိုးဖောက်မှုများ လုံးဝမရှိခဲ့ဟူ၍ အစိုးရက ယတိပြတ်ငြင်းဆိုနေခဲ့သည်။ အစိုးရက ဒီဇင်ဘာလတွင် ဖွဲ့စည်းပေးခဲ့သော စုံစမ်းစစ်ဆေးရေး ကော်မရှင်သည်လည်း ဗိုလ်ချုပ်ကြီးဟောင်းတစ်ယောက်က ဦးဆောင်ပြီး ရဲချုပ်ကအဖွဲ့ဝင်အဖြစ် ပါဝင်နေသည့်အတွက် ယုံကြည်ရမှု ကင်းမဲ့ခဲ့သည်။

ရခိုင်ပြည်နယ်၏ အခြားဒေသများတွင်လည်း ရိုဟင်ဂျာများနှင့် အခြားမွတ်စလင်များ၏ လွတ်လပ်စွာ သွားလာခွင့်များမှာ ကြီးကြီးမားမား ကန့်သတ်ခံနေရဆဲဖြစ်သည်။ ၎င်းတို့သည် နေထိုင်ရာရွာများ သို့မဟုတ် ဒုက္ခသည်စခန်းများမှ ထွက်ခွာခွင့်မရပဲ အခြား လူများနှင့် ခွဲခြားထားခြင်း ခံနေရသည်။ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အသက်ကယ် ကုသမှုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ စားနပ်ရိက္ခာ လုံလောက်စွာရပိုင်ခွင့်များနှင့် ပညာသင်ခွင့်များ ကန့်သတ်ခံနေရသည်။

ရိုဟင်ဂျာအများစုမှာ နိုင်ငံသားဖြစ်ခွင့်မရကြသေးပါ။ အစိုးရ၏ နိုင်ငံသားစိစစ်ရေး လုပ်ငန်းမှာလည်း ခွဲခြားမှုများရှိသည့် ၁၉၈၂ ခုနှစ် နိုင်ငံသားပြုမှု ဥပဒေကို အခြေခံသည်ဆိုကာ ရိုဟင်ဂျာများက ပါဝင်ရန် ငြင်းဆန်သဖြင့် ရှေ့မတိုးနိုင်ပဲ ရပ်နေပါသည်။

ဤအခြေအနေကို ဖြေရှင်းရန် အစိုးရက ကော်မီတီနှစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မီတီကို မေလတွင်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်း ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မီတီကို ဩဂုတ်လတွင်လည်းကောင်း ဖွဲ့စည်းခဲ့သည်။

## ဘာသာရေး နှင့်ယုံကြည်မှု ဆိုင်ရာ လွတ်လပ်ခွင့်

အထူးသခြင့် အောက်တိုဘာလအတွင်းက ရခိုင်ပြည်နယ်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့အပြီးတွင် ခွဲခြားဆက်ခံမှုများ၊ ဘာသာရေးအရ သည်းညည်းမခံမှုများနှင့် မွတ်စလင်ဆန့်ကျင်စိတ်များ တိုးပွားခဲ့သည်။ အာဏာပိုင်များက ဘာသာရေးအရ အမုန်းပွားအောင်လှုံ့ဆော်မှုများကို ထိထိရောက်ရောက် တားဆီးရန်ပျက်ကွက်ခဲ့ပြီး ဘာသာရေးအရလူနည်းစုများကို တိုက်ခိုက်သူများကိုလည်း အရေးမယူခဲ့ပေ။

ဖွန်လအတွင်းက လူစုလူဝေးနှင့်တိုက်ခိုက်မှုကြောင့် လူတစ်ဦးဒဏ်ရာရပြီး ဗလီတစ်လုံးနှင့် အခြား မွတ်စလင်ပိုင် အဆောက်အဦများ ပျက်စီးခဲ့သည်။ ကျူးလွန်သူဟု ယူဆခံရသူများကို အရေးယူရန်မရှိဟု ပဲခူးတိုင်းဝန်ကြီးချုပ်က မီဒီယာများကို ပြောကြားခဲ့သည်။[၂] ဇူလိုင်လတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ မွတ်စလင် ဝတ်ပြုဆောင်တစ်ခုကို လူတစ်စုက တိုက်ခိုက်ခဲ့မှုတွင် လူငါးဦးကို ဖမ်းဆီးခဲ့သော်လည်း နှစ်ကုန်သည်အထိ တစ်ဦးကိုမျှ အရေးယူခဲ့ခြင်းမရှိခဲ့ပါ။

## INTERNAL ARMED CONFLICT

## ပြည်တွင်း စစ်ရေးပဋိပက္ခများ

ဩဂုတ်လတွင် အစိုးရက တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့ဆက်အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံကို ကျင်းပခဲ့သည်။ ယင်းညီလာခံကို ခြောက်လတစ်ကြိမ် ကျင်းပရန် မျှော်လင့်ခဲ့သည်။ ယင်းညီလာခံကို စစ်တပ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းမှုများရှိသော်လည်း  နိုင်ငံနေရာ အချို့တွင်တိုက်ပွဲများ ဆက်ဖြစ်နေခဲ့သည်။ ဧပြီလနှင့် စက်တင်ဘာလ အတွင်းတွင် ကချင်လွတ်လပ်ရေးတပ်နှင့် တပ်မတော်တို့ တိုက်ပွဲများဖြစ်ခဲ့ပြီး တပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခြင်း၊ ပုံးကြဲခြင်းများကြောင့် အရပ်သားများ ထိခိုက်သေဆုံးခဲ့ရသည်။ စက်တင်ဘာလတွင် ကရင်ပြည်နယ်အတွင်း နယ်ခြားစောင့်တပ်နှင့် မြန်မာစစ်တပ်တို့က ဒီမိုကရက်တစ် ကရင်အမျိုးသားအကျိုးပြုတပ် (ဒီကေဘီအေ) မှ ခွဲထွက်အဖွဲ့တစ်ဖွဲ့နှင့် တိုက်ပွဲများ ဖြစ်ခဲ့သည်။ မြန်မာစစ်တပ်နှင့် ရခိုင့်တပ်မတော် (အေအေ) တို့လည်း ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲများဖြစ်ခဲ့သည်။ နိုဝင်ဘာလတွင် မြန်မာနိုင်ငံမြောက်ပိုင်းအခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့လေးဖွဲ့ စုပေါင်းဖွဲ့ထားသော

အဖွဲ့သစ်တစ်ခုဖြစ်သည့် မြောက်ပိုင်းမဟာမိတ်ညီအစ်ကိုများအဖွဲ့က ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ လုံခြုံရေးတပ်ဖွဲ့စခန်းများကို တပြိုင်တည်းဝင်တိုက်ခဲ့သည်။ ယင်းအဖွဲ့များက တပ်မတော်၏ ထိုးစစ်များကို တုံ့ပြန်သည့်အနေနှင့် ယခုကဲ့သို့ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

တိုက်ပွဲများ ဖြစ်နေသောနေရာများတွင် နိုင်ငံတကာ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများကို ချိုးဖောက်မှုများ ရှိခဲ့သည်ဟူသော သတင်းများဆက်လက်ရှိခဲ့သည်။ ယင်းချိုးဖောက်မှုများတွင် အဓမ္မပြုကျင့်မှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အဓမ္မလုပ်အားပေးခိုင်းစေမှုများ၊ စိတ်ထင်သလို ဖမ်းဆီးမှုများ၊ ညှင်းပမ်းနှိပ်စက်မှုများနှင့် အခြားဖိနှိပ်မှုများ၊ မြေမြုပ်မိုင်းများ အသုံးပြုခြင်းနှင့် ကလေးသူငယ်များကို စစ်သားအဖြစ် စုဆောင်းအသုံးပြုခြင်းတို့ ဖြစ်သည်။

နှစ်ကုန်အရောက်တွင် မြန်မာစစ်တပ်က တပ်တွင်းရောက်နေသော ကလေးသူငယ်နှင့် အရွယ်မရောက်သေးသူ စုစုပေါင်း ၁၀၁ ဦးကို တပ်ထဲမှ ထွက်ခွင့်ပေးခဲ့သည်။

## လူသားချင်းစာနာသည့် အကူအညီများ မရောက်ရှိနိုင်ခြင်း

ဧပြီလမှ စတင်၍ အစိုးရက နိုင်ငံမြောက်ပိုင်းရှိ ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင်မရှိသော ဒေသများရှိ နေရပ်စွန့်ခွာထွက်ပြေးနေရသော လူများရှိရာကို ကုလသမဂ္ဂနှင့် အခြားလူသားချင်းစာနာသည့် အကူအညီများပေးနေသည့် အဖွဲ့အစည်းများ သွားရောက်ခွင့်ကို တိုးမြှင့် ကန့်သတ်ခဲ့သည်။[၇] ယင်းဒေသများမှ နေရပ်စွန့်ခွာထွက်ပြေးနေရသူများ ရှေ့တန်းစစ်မြေပြင်မှ စစ်မျက်နှာကို ဖြတ်လာခဲ့ပြီး အကူအညီများကို လာရောက်ယူစေရန် အစီအစဉ်ကို အစိုးရက စဉ်းစားခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခဲ့လျှင် နိုင်ငံတကာလူသားချင်းစာနာသည့် ဥပဒေကိုချိုးဖောက်ရာ ရောက်ပါလိမ့်မည်။

ရခိုင်ပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာသည့်အထောက်အပံ့ပေးရေး အေဂျင်စီများသည် အကူအညီများ လိုအပ်နေသည့် လူများဆီသို့ သွားရောက်ရန်အတွက် ခက်ခဲရှုပ်ထွေးသည့်လုပ်ငန်းစဉ်များဖြင့် ခရီးသွားလာခွင့်ကို လျှောက်ထားနေရသည်။ အောက်တိုဘာလက ရခိုင်မြောက်ပိုင်း တိုက်ခိုက်မှုများ ဖြစ်အပြီးတွင် ရှိနှင့်ပြီးသား လူသားချင်းစာနာသည့် အကူအညီပေးနေသည့် အစီအစဉ်များပါ ရပ်ဆိုင်းသွားခဲ့သဖြင့် လူပေါင်း ၁၅၀,၀၀၀ ခန့်ကို ထိခိုက်ခဲ့သည်။ နှစ်ကုန်ချိန်တွင် တချို့နေရာများတွင် လုပ်ငန်းများ ပြန်စနိုင်ပြီဖြစ်သော်လည်း လုံခြုံရေးတပ်များ၏ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးများကြောင့် နေရပ်မှထွက်ပြေးနေရသော လူပေါင်း ၃၀၀၀၀ ခန့်ဆီသို့ အကူအညီများ ဆက်တိုက်ပေးပို့ နိုင်ခြင်းမရှိခဲ့ပါ။

## ဒုက္ခသည်များနှင့် ပြည်တွင်းတွင်နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများ

မြန်မာနိုင်ငံတွင် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူပေါင်း ၂၅၀,၀၀၀ ခန့်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာသည့် အကူအညီ ညှိနှိုင်းဆောင်ရွက်ရေးရုံး (OCHA) ကဆိုသည်။ ၎င်းတို့ထဲတွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများမှ တိုက်ပွဲများကြောင့် ထွက်ပြေးနေရသူပေါင်း ၁၀၀,၀၀၀ ကျော်နှင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာအများစု ပါဝင်သော လူပေါင်း ၁၅၀,၀၀၀ တို့ပါဝင်သည်။

ဒုက္ခသည် တစ်သိန်းခန့်လည်း ထိုင်း နိုင်ငံအတွင်းမှ စခန်း ကိုးခုတွင် ဆက်ရှိနေဆဲ ဖြစ်သည်။ အောက်တိုဘာလတွင် မြန်မာနှင့် ထိုင်းအစိုးရများ၊ ကုလသမဂ္ဂ ဒုက္ခသည်များရုံး၊ အခြား အေဂျင်စီများ၏ ပူးပေါင်းကူညီမှုဖြင့် မိမိဆန္ဒဖြင့်နေရပ်ပြန်လိုသူများ ပြန်နိုင်ရေး ပထမဆုံး စမ်းသပ်အစီအစဉ်တွင် လူပေါင်း ၇၁ ဦး ပြန်သွားခဲ့သည်။ အခြား ဒုက္ခသည်အများအပြား ထိုင်းနိုင်ငံတွင် ဆက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရမည့်အရေးကို စိုးရိမ်ကြောင်း ပြောကြားခဲ့ကြသည်။

## ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ

အစိုးရသစ် အာဏာရလာပြီး တစ်ပတ်အကြာ ဧပြီလ ၈ ရက်နေ့တွင် ၂၀၁၅ ခုနှစ် မတ်လကတည်းက ဖမ်းဆီးချုပ်နှောင် ခံထားရသော ကျောင်းသားဆန္ဒပြသူများကို ပြန်လွှတ်ပေးခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့တွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျ ခံနေရသူ အများအပြားအပါအဝင် အကျဉ်းသား ၈၃ယောက်ကို သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် လွှတ်ပေးခဲ့သည်။[၄]

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများဆက်ရှိနေသေးသလို နိုင်ငံရေးအရ ဖမ်းဆီးထောင်ချမှုများလည်း ဆက်ရှိနေခဲ့သည်။ ၂၀၁၃ ဆက်သွယ်ရေးဥပဒေအရ "အွန်လိုင်းပေါ်မှ အသရေဖျက်မှု" ဖြင့် လူပေါင်းအတော်များများကိုလည်း စစ်ဆေးမေးမြန်းခဲ့သည်။ ယင်းဥပဒေမှာ အတိအကျ ပြဆိုချက်များမပါဝင်ပဲ အာဏာပိုင်များကို ငြိမ်းချမ်းစွာ ဝေဖန်သူများ၏ အသံကို တိတ်သွားအောင်လုပ်ရန် အသုံးပြုခဲ့သည်။ ယခင်အစိုးရနှင့် တပ်မတော်တို့ကို ဖေ့စ်ဘုတ်ပေါ်မှ ဝေဖန်ခဲ့သူ လှဘုန်းကို အောက်တိုဘာလတွင် "အွန်လိုင်းပေါ်မှ အသရေဖျက်မှု"၊ "လှုံ့ဆော်မှု" တို့ဖြင့် ထောင်နှစ်နှစ်ချခဲ့သည်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံခဲ့ရသူ အကျဉ်းသားဟောင်းများသည်လည်း အကျဉ်းထောင်အတွင်းတွင် နေခဲ့ရသည့် အခြေအနေများ၊ အကျဉ်းသားဟောင်းဆိုသော အနေအထားကြောင့် ဆေးဝါးကုသမှုနှင့် စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်မှု မရမှုများ၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ကင်းမဲ့မှုများကြောင့် ပြဿနာမျိုးစုံကို ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်သည်။ အကျဉ်းသားဟောင်းများနှင့် ၎င်းတို့၏ မိသားစုများအတွက် ထောက်ပံ့ပေးရေးနှင့် ပြန်လည်ထူထောင်ပေးရေး ဆိုင်ရာ အစိုးရအစီအစဉ်များ မရှိပါ။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်

အစိုးရသစ် တက်လာသည့်အခါ ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကို ပြန်လည်သုံးသပ်၍ ယခင်အစိုးရလက်ထက်က ၎င်းတို့ကို ငြိမ်းချမ်းစွာ ဝေဖန်သူများကို ထောင်ချရာတွင် အသုံးပြုခဲ့သည့် ၁၉၇၅ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်၊ ၁၉၅၀ အရေးပေါ်စီမံချက် အက်ဥပဒေတို့ကို ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် အခြား ဖိနှိပ်သည့် ဥပဒေများ ဆက်လက်ရှိနေသေးသည့်အတွက် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူများသည် ၎င်းတို့၏ ငြိမ်းချမ်းသော လှုပ်ရှားဆောင်ရွက်မှုများအတွက် အကျဉ်းချခံရမည့် ဘေးအန္တရာယ်ဆက်ရှိနေဆဲ ဖြစ်သည်။[၅] ဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ ပွင့်လင်းမြင်သာမှု မရှိပဲ ပါလီမန်သည် အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့်လည်းကောင်း လုံလောက်သော တိုင်ပင် ဆွေးနွေးမှုများ မလုပ်ခဲ့ပါ။ ၂၀၁၂ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန် အဆိုပြုထားသည့်အချက်များမှာလည်း နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေစံနှုန်းများထက် များစွာ နိမ့်ကျနေပါသေးသည်။[၆] အဆိုပြုထားသည့် ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့် လုံခြုံရေး ဥပဒေကြမ်းတွင် ပါဝင်နေသော ပြဌာန်းချက် အများအပြားမှာလည်း အတည်ပြုဖြစ်လျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားအခွင့်အရေးမျိုးကို စိတ်ထင်သလို ကန့်သတ်နိုင်သွားမည် ဖြစ်သည်။

လူ့အခွင့်အရေးကာကွယ်သူများ၊ ရှေ့နေများနှင့် သတင်းသမားများမှာ အာဏာပိုင်များ၏ ခြိမ်းခြောက်နှောက်ယှက်မှုများ၊ စောင့်ကြည့်မှုများ ဆက်လက်ခံနေရဆဲဖြစ်သည်။ ၎င်းတို့သွားရာသို့ နောက်မှလိုက်ခြင်း၊ အစည်းအဝေးများ ပွဲများတက်ရောက်ရာတွင် ဓာတ်ပုံရိုက်ခံရခြင်း၊ အိမ်များ ရုံးများသို့ ညဖက်တွင် ဝင်ရောက်စစ်ဆေးခြင်း၊ မိသားစုဝင်များကို နှောက်ယှက်ခြင်းများ ပြုလုပ်ခံရသည်ဟု ပြောကြသည်။ လူ့အခွင့်အရေးကာကွယ်သူ အမျိုးသမီးများမှာ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှောက်ယှက် ခြိမ်းခြောက်မှုများ ခံကြရပါသည်။

## စီးပွားရေးလုပ်ငန်းကြီးများ၏ တာဝန်ခံမှု

အောက်တိုဘာလတွင် ပါလီမန်က ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့သည်။ သို့ရာတွင် ယင်းဥပဒေတွင် လူအများကို အဓမ္မဖယ်ရှားခံရခြင်း၊ စီးပွားရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့မှ အကာအကွယ်ပေးခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များ မပါဝင်ပါ။

မေလတွင် လက်ပံတောင်းသတ္တုတွင်းတွင် ကြေးနီများ စတင်ထုတ်လုပ်နေပြီဟူသော ကြေညာချက် ထွက်လာအပြီးတွင် ဆန္ဒပြပွဲများ ထပ်မံဖြစ်ပေါ်လာခဲ့သည်။ ဆန္ဒပြပွဲကို ခေါင်းဆောင်ခဲ့သူ နှစ်ဦးမှာ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံခဲ့ရပြီး အမြင့်ဆုံးထောင်ဒဏ် လေးနှစ်အထိကျခံရနိုင်ဖွယ်ရှိနေပါသည်။ လက်ပံတောင်းစီမံကိန်းတွင် လူများကို နေရပ်မှ အဓမ္မဖယ်ရှားမှုများ၊ သတ္တုတွင်းကို ဆန့်ကျင်သူများကို အကြမ်းဖက်နှိမ်နင်းခြင်းများ ကာလတာရှည်ရှိခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ အရေးယူမခံခဲ့ရပါ။

လက်ပံတောင်းနှင့်၊ စပါယ်တောင် နှင့်ကြေးစင်တောင် သတ္တုတွင်းများအတွက် ကြေးနီများကို သန့်စင်ပေးသော မိုးကြိုးအက်စစ်စက်ရုံကို စက်မှုဝန်ကြီးဌာနက အောက်တိုဘာလတွင် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် သက်တမ်းတိုးပေးခဲ့သည်။ စက်ရုံအနီးတဝိုက်တွင် နေထိုင်သော ရွာသားများ၏ ကျန်းမာရေးကို ဆိုးဆိုးဝါးဝါး ထိခိုက်မှုဖြစ်စေသည် ဟူသော  စိုးရိမ်မှုများ ရှိနေသည့်ကြားမှ၊ စက်ရုံ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို လေ့လာဆန်းစစ်နေဆဲ ကာလတွင် သက်တမ်းတိုးမပေးသေးပဲ ထားရန် ဆားလင်းကြီးမြို့နယ်အာဏာပိုင်များက ဆုံးဖြတ်ထားသည့်ကြားမှ စက်ရုံကို သက်တမ်းတိုးပေး လိုက်ခြင်းဖြစ်သည်။

## သေဒဏ်

တရားရုံးများမှ သေဒဏ်ပြစ်ဒဏ်များ ဆက်လက်ချမှတ်နေသော်လည်း သေဒဏ်စီရင်မှု တစ်ခုမျှ မရှိခဲ့ပါ။ ဇန်နဝါရီလတွင် ယင်းအချိန်က သမ္မ ဦးသိန်းစိန်က သေဒဏ်ကျခံနေရသူ ၇၇ ဦး၏ ပြစ်ဒဏ်ကို ထောင်ဒဏ် တစ်သက်အဖြစ် လျှော့ပေါ့ပေးခဲ့သည်။ အောက်တိုဘာလတွင် ပါလီမန်က သေဒဏ်ချမှတ်နိုင်သည့် ပြစ်ဒဏ်ပါဝင်သော ၁၉၅၀ ခုနှစ် အရေးပေါ်စီမံချက်အက်ဥပဒေကို ရုပ်သိမ်းခဲ့သည်။ အခြား ဥပဒေများတွင် သေဒဏ် ပြစ်ဒဏ်ဆက်လက်ရှိနေဆဲ ဖြစ်သည်။

## တာဝန်ခံမှု မရှိခြင်း

စနစ်နှင့် ဥပဒေရေးရာမူပေါင်များကြောင့် လူ့အခွင့်အရေးချိုးဖောက်သူများကို တာဝန်ခံခိုင်းရန်၊ ချိုးဖောက်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအတွက် တရားမျှတမှု၊ အမှန်တရားနှင့် နစ်နာမှုကုစားပေးချက်များ ရရှိရန်လည်း အဆီးအတားများ ရှိနေသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့၊ ကျူးလွန်နေသူ အများစုမှာ ဥပဒေကို ရှောင်ရှားနေနိုင်ကြဆဲ ဖြစ်သည်။

ဇန်နဝါရီလ ပါလီမန်ကို မဖျက်သိမ်းမီကလေးတွင် ပါလီမန်က သမ္မတဟောင်းများအား အကာအကွယ်ပေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ သမ္မတဟောင်းများအား ၎င်းတို့ တာဝန်ယူစဉ်ကာလအတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းပြစ်မှုများတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ပြစ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေအရ ရာဇယတ်မှုမြောက်သော ပြစ်မှုများလည်း ပါဝင်သည်။[၇]

ဇူလိုင်လတွင် တပ်မတော်က ရှမ်းပြည်မြောက်ပိုင်းတွင် ရွာသားငါးယောက်ကို စစ်သား ခုနစ်ယောက်က သတ်ဖြတ်ခဲ့သည်ဟု ရှားပါးသော ဝန်ခံမှု ပြုလုပ်ခဲ့ပြီး ကျူးလွန်သော စစ်သားများကို စစ်ခုံရုံးဖြင့် စစ်ဆေးနေသည်ဟု ကြေညာခဲ့သည်။ စက်တင်ဘာလတွင် ၎င်းတို့အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်စီချမှတ်ခဲ့သည်။ စစ်တပ်ဖက်မှ ပွင့်လင်းမြင်သာမှု ပြလာသည့် ခြေလှမ်းတစ်ရပ်အဖြစ် ဆိုနိုင်သော်လည်း ယင်းအမှုက စစ်ဖက်နှင့် အရပ်ဖက် တရားစီရင်ရေးစနစ်များ ပြုပြင်ပြောင်းလဲရန် လိုအပ်နေခြင်းကို မီးမောင်းထိုးပြခဲ့သည်။ ၂၀၀၈ အခြေခံဥပဒေအရ (စစ်ဖက်တရားစီရင်ရေးကို အရပ်ဖက်က ဝင်စွက်ခွင့်မရှိပဲ)

လူ့အခွင့်အရေးချိုးဖောက်မှုများ အပါအဝင် စွပ်စွဲချက်များကို စစ်တပ်က ၎င်းတို့၏ စစ်ဖက်တရားစီရင်ရေးဖြင့်သာ လုပ်ဆောင်နိုင်သည်။

လူ့အခွင့်အရေးချိုးဖောက်မှု တိုင်ကြားချက်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိထိရောက်ရောက် မကိုင်တွယ်နိုင်သလို၊ လွတ်လပ်မှုလည်း မရှိပေ။ ကလေးသူငယ်များ အဓမ္မခိုင်းစေခံရခြင်းနှင့် နှိပ်စက်ညှင်းပမ်းခံရခြင်း အမှုတစ်မှုတွင် လျော်ကြေးရယူကြေအေးစေရန် ကြားဝင်ညှိနှိုင်းပေးခဲ့သည်ဆိုသော ကော်မရှင်အဖွဲ့ဝင် လေးဦး စက်တင်ဘာလတွင် နုတ်ထွက်သွားခဲ့သည်။

# နိုင်ငံတကာ၏ စောင့်ကြည့်အကဲဖြတ်မှု

ဥရောပသမဂ္ဂက အဆိုကြမ်းမတင်တော့ရန် ဆုံးဖြတ်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂက မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို မချမှတ်ပဲနေခဲ့သည်။ ယခင်က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များထဲမှ အဓိက အကြံပြုချက်များ တစ်ခုမှ အကောင်အထည်မဖော်ရသေးပါ။[၈]

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေလေ့လာ အစီရင်ခံစာတင်သွင်းသူသည် မြန်မာနိုင်ငံကို နှစ်ကြိမ်သွားရောက်ခဲ့သည်။ သူသွားလိုရာကို သွားခွင့်များပိုရလာသော်လည်း သူနှင့်တွေ့ဆုံခဲ့သော အရပ်ဖက်အဖွဲ့အစည်းများမှ လူများကို စောင့်ကြည့်နောက်ယှက်မှုများ ဆက်ရှိနေကြောင်း သူက ပြောခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း ဒေသခံများနှင့် ၎င်းတွေ့ဆုံစဉ်အတွင်း အစိုးရအရာရှိတစ်ယောက်က အသံဖမ်းစက်လာထားထားသည်ကို တွေ့ခဲ့ရကြောင်းလည်း သူကပြောသည်။

မတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ကုလသမဂ္ဂ၏ နိုင်ငံအားလုံးအပေါ် အချိန်ကာလတစ်ခုအတွင်း လေ့လာဆန်းစစ်ချက်အစီရင်ခံစာ (UPR) မြန်မာနိုင်ငံဆိုင်ရာ တွေ့ရှိချက်များကို အတည်ပြုခဲ့သည်။ အကြံပြုချက်များအနက် တစ်ဝက်ကျော်ကို မြန်မာဖက်မှ လက်ခံခဲ့သော်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်၊ ရိုဟင်ဂျာများ၏ အခြေအနေများနှင့်ဆိုင်သော အဓိကအကြံပြုချက်များကိုမူ ပယ်ချခဲ့သည်။[၉] ဇူလိုင်လတွင် ကုလသမဂ္ဂ၏ အမျိုးသမီးများခွဲခြားဆက်ဆံခံရမှုပပျောက်ရေးကော်မီတီ (CEDAW) က ခွဲခြားမှုရှိနေသည့် ဥပဒေများ၊ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် တရားဥပဒေဆိုင်ရာ အတားအဆီးများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အမျိုးသမီးများ ပါဝင်ကိုယ်စားပြုမှု နည်းပါးနေသည့် ကိစ္စများနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကို ပြောကြားခဲ့သည်။[၁၀]

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ရုံး တစ်ရုံး မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့် ကိစ္စနှင့်ပတ်သက်၍လည်း သဘောတူညီချက်တစ်ရပ် မရရှိသေးပါ။

---

၁။ "ပြိုကွဲပျက်စီးမယ့် အခြေအနေမျိုးရောက်နေပြီ" - ရိုဟင်ဂျာ - မြန်မာနိုင်ငံမှာဖိနှိပ်ခံပြီး ဘင်္ဂလားဒေ့ရှ်မှာ လစ်လျူရှုခံထားရသူများ (ASA 15/5362/2016)

၂။ မြန်မာ - ဗလီဝတ်ကျောင်းအဆောက်အဦများဖျက်ဆီးခံရမှုကို စုံစမ်းစစ်ဆေးပါ။ (သတင်း - ၂၄ ဇွန်)

၃။ မြန်မာ - လူသားချင်းစာနာသည့်အကူအညီများအပေါ် ကန့်သတ်မှုများ ချက်ခြင်းဖယ်ရှားပါ။ (သတင်း - ၂၄ အောက်တိုဘာ)

၄။ မြန်မာ - ကျန်ရှိနေသေးသော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ အားလုံးပြန်လွှတ်ပေးရန် ကြိုးပမ်းချက်များ ဆက်လုပ်ရန် (ASA 16/3981/2016)

၅။ ထုတ်ဖော်ပြောဆိုမှုအသစ်များနှင့် ဖိနှိပ်မှုအဟောင်းများ - မြန်မာနိုင်ငံတွင်း နိုင်ငံရေးအရဖမ်းဆီး အကျဉ်းချနေမှုသံသရာကို ရပ်တန့်တန် (ASA 16/3430/2016)

၆။ မြန်မာ - ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ခြင်းနှင့်

ပတ်သက်သောအိတ်ဖွင့်ပေးစာ (ASA 16/4024/2016)

၇။ မြန်မာ - သမ္မတပေါ်ကင်းကို ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးသော ဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် (သတင်း - ၂၈ ဇန်နဝါရီ)

၈။ မြန်မာ - ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ဘာကြောင့်လိုအပ်နေသေးတာလဲ (ASA 16/4745/2016)

၉ ။ မြန်မာ - ရိုဟင်ဂျာများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်နှင့် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများ အားလုံးကို ပြန်လွှတ်ပေးရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တိုက်တွန်း (ASA 16/3670/2016)

၁၀။ မြန်မာ - အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကုလသမဂ္ဂကော်မီတီထံ တင်သွင်းသော အစီရင်ခံစာ (ASA 16/4240/2016)